အရှေ့ဘက်တဲကျေးရွာ

ခါတက်ကုန်းကျေးရွာအုပ်စု

တောင်သာမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၁၉ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

အရှေ့ဘက်တဲကျေးရွာ ၊ တောင်သာမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

ဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ် ၊ ဖေဖော်ဝါရီ လ

မာတိကာ

စကားချီး ၃

အရှေ့ဘက်တဲကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ၊တောင်သာမြို့နယ် ၄

၁။ တည်နေရာနှင့်ပထဝီအနေအထား ၅

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၅

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ ၅-၆

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၇

(က) သီးနှံစိုက်ပျိုးရေး ၇

(ခ) မွေးမြူရေးလုပ်ငန်း ၇

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ ၇

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု ၈

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ ၈

(က) သယ်ယူပို့ဆောင်ရေး ၈

(ခ) ကျေးရွာမီးလင်းရေး ၈

(ဂ) သတင်းနှင့်ဆက်သွယ်ရေး ၈

၆။ ပညာရေး ၈-၉

၇။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၉

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉

၉။ ကျား-မ ရေးရာကိစ္စရပ်များ ၁၀

၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ ၁၁

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ၁၂

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၃-၅၈

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၅၉-၆၂

နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) ၆၃-၆၄

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) ၆၅-၆၆

နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) ၆၇-၆၈

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ခု ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင် ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများ၊ လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် ဦးစားပေးလုပ်ငန်းအစီအစဉ်တို့ပါဝင်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
အရှေ့ဘက်တဲကျေးရွာ ၊ တောင်သာမြို့နယ်

၂၀၁၉ခုနှစ် ၊ ဖေဖော်ဝါရီ လ

၁. တောင်သာမြို့ ခါတက်ကုန်းအုပ်စု၊အရှေ့ဘက်တဲကျေးရွာ၏သယံဇာတပြမြေပုံ



၁။ တည်နေရာနှင့်မြေမျက်နှာသွင်ပြင်အနေအထား

အရှေ့ဘက်တဲကျေးရွာသည်မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီးတောင်သာမြို့၏ အရှေ့ဘက်(၁၁)မိုင်ခန့်တွင် တည်ရှိ ပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင်ကိုးပင်စင်ကျေးရွာ အနောက်ဘက်တွင်အောင်မြင့်မိုရ်ကျေးရွာ၊ မြောက်ဘက်တွင်ကျောက်တစ်လုံကျေးရွာနှင့်တောင်ဘက်တွင်ခါတက်ကုန်းကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။အရှေ့ဘက်တဲကျေးရွာ၏ အကျယ်အဝန်းမှာ (၂၀)ဧကခန့် ကျယ်ဝန်းပြီးအနီးဆုံးမြို့မှာတောင်သာမြို့ ဖြစ်ပါသည်။အရှေ့ဘက်တဲကျေးရွာသည် တောင်သာ-ကျောက်ပန်းတောင်းလမ်းမကြီး၏အရှေ့ဘက်(၃)မိုင်ခန့်အကွာတွင်တည်ရှိပါသည်။အရှေ့ဘက်တဲ ကျေးရွာသည် တောင်သာမြို့နှင့် (၁၁)ခန့်ကွာဝေးပြီး ကတ္တရာလမ်းဖြင့်(၈)မိုင်၊ မြေသားလမ်း ဖြင့်(၃)မိုင်ခန့်ဖြစ်ပြီး အချိန်မရွေးသွားလာမှုလွယ်ကူပါသည်။ အရှေ့ဘက်တဲ ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ ယာမြေများမှာ မြေဆီမြေဩာ သင့်တင့် ကောင်းမွန်သော ယာမြေများဖြစ်ပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

အရှေ့ဘက်တဲကျေးရွာ၏ ရာသီဥတုအနေအထားမှာသာမန်အားဖြင့် နွေရာသီတွင်အပူချိန် ၄၁C ရှိတက်ပါသည်။ယခုနှစ်မိုးရာသီတွင်မိုးရွာသွန်းမှုအသင့်အတင့်ရှိပါသည်။ စိုက်ပျိုးရေး အတွက် မိုးရွာသွန်းမှုကိုမှီခိုခြင်း စိုက်ပျိုးကြသည်။ မိုးရွာသွန်းမှုသင့်တင့်သောကြောင့် သီးနှံအထွက်နှုန်းမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ယာမြေ၊တောင်ယာမြေ နှင့် စားကျက်မြေ စုစုပေါင်း ဧက(၁၄၃၄)ဧက ရှိပါသည်။ မိုးရာသီတွင် အဓိကစိုက်ပျိုး သီးနှံများမှာ နှမ်း၊ မြေပဲ၊ဝါ၊ ပဲစင်ငုံနှင့် ပြောင်းများ ဖြစ်ပါသည်။ပန်းပေါင်းကျေးရွာတွင် သတ္ထုနှင့်အခြားတွင်း ထွက်များ မထွက်ရှိပါ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်နှမ်း၊မြေပဲ၊ဝါ၊ပဲစင်ငုံနှင့်ပြောင်းကို အဓိကစိုက်ပျိုးကြသည်။ သီးနှံများ မှာ မိုးရွာသွန်းမှုအပေါ်မှီခိုခြင်းစိုက်ပျိုးကြသည်။စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာ ဝန်ဆောင်မှုများ ရရှိနိုင်ကြသည်။ကျေးရွာတွင် မွေးမြူရေးကဏ္ဍအနေဖြင့်လယ်ယာလုပ်ငန်းတွင် အသုံးပြုရန်အတွက် နွားကို အဓိကထား မွေးမြူကြသည်။တစ်ပိုင်တစ်နိုင်စီးပွားရေးအနေဖြင့် နွား၊ဆိတ်၊ဝက် နှင့်ကြက် မျိုးစိတ်များကိုမွေးမြူကြပါသည်။ကျေးရွာတွင်အလုပ်လုပ်နိုင်သောလူဦးရေ အများအပြား ရှိပါသည်။ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော လက်သမား၊ ပန်းရံလုပ်ငန်းလုပ်ကိုင်သူများနှင့် ပြည်ပသို့သွားရောက်လုပ်ကိုင်သူများရှိပါသည်။ကျေးရွာတွင်မူလွန်ကျောင်းရှိပါသည်။ မူလတန်း

ကျောင်းတက်နှုန်းလည်း မြင့်မားပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးရွာနှင့်(၃)မိုင်ခန့်ဝေးသောမကြီးချိုဆေးပေးခန်းသို့ အခြေခံကျန်းမားရေး စောင့်ရှောက်မှုများကိုသွားရောက်ကုသကြပြီး အရေးပေါ်နှင့်ရောဂါကြီးများကို တောင်သာမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင်အများပိုင် မြေသားကုန် (၁)ကန်၊ ကိုယ်ပိုင်အဝီစိစက်တပ်ရေတွင်း (၅)တွင်းနှင့် မိုးရေလှောင်ကန်(၈၀)ကန် ရှိပါသည်။ ကိုယ်ပိုင်ရေတွင်းစုစုပေါင်း(၅)တွင်း မှာရင်နှစ်ဖြစ်သဖြင့် သုံးရေအဖြစ်သာအသုံးပြုနိုင်ပါသည်။ မိုရေလှောင်ကန်များနှင့်မြေသားရေကန်(၁)ကန်မှရေအား သောက်ရေအဖြစ် အသုံးပြုကြပါသည်။ရေတွင်းများမှာ နွေးမိုးဆောင် လုံလောက်မှု မရှိပါ။ ရေအရည်အသွေး စစ်ဆေးခြင်းကိုမူ စစ်ဆေးရခြင်းမရှိသေးပါ။ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲမှုအနေဖြင့်အိမ်ထောင်စု(၉၆)စု၊အိမ်သာမရှိသော အိမ်ထောင်စု(၅)စုရှိပါသည်။ အရှေ့ဘက်တဲကျေးရွာသည် တောင်သာမြို့နှင့် တောင်သာ-ကျောက်ပန်းတောင်းလမ်းမကြီးမှာ ကတ္တရာလမ်းဖြင့် (၈)မိုင်ခန့်နှင့် မြေသားလမ်းဖြင့် (၃)မိုင်ခန့် ဖြစ်ပြီး အချိန်မရွေး သွားလာမှုလွယ်ကူပါသည်။အရှေ့ဘက်တဲကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သောကျေးရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ ယာမြေများမှာ မြေဆီမြေဩဇာသင့်တင့် ကောင်းမွန်သော ယာမြေနှင့်လယ်မြေများ ဖြစ်ပါသည်။ ကျေးရွာတွင် လူမှုရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော ပရဟိတအဖွဲ့အစည်း(၁)ဖွဲ့ နှင့် ဘာသာရေးကို အခြေခံ၍ ဖွဲ့စည်းထားသော ဓမ္မာစကြံ်ာအဖွဲ့၊စုစုပေါင်း(၂)ဖွဲ့ရှိပါသည်။၄င်းအဖွဲ့သည် ကျေးရွာ၏ သာရေး၊ နာရေးဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ ကျေးရွာမှာ အဖွဲ့အစည်း ဆိုင်ရာသဘောတရားတို့နှင့် ပတ်သက်၍ အသင့်အတင့် ရှိကြသည်။ပန်းပေါင်းကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုတွင် အုပ်ချုပ်ရေးမှူး၊ ရွာခွဲတာဝန်ခံနှင့်ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပေါင်းညှိနှိုင်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စီမံဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏အကျိုးတော်ဆောင်ကော်မတီများဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊သာရေး၊နာရေး လုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာ ပိုင်ပစ္စည်းများထိန်းသိမ်းခြင်း၊ကျေးရွာရန်ပုံငွေရှာဖွေခြင်းများလုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ လူငယ်အဖွဲ့များ ၊အမျိုးသမီးအဖွဲ့များမှ စီမံခန့်ခွဲဆောင်ရွက်စေခြင်းစသောဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းအလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက် ကြပါသည်။

၏

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) **သီးနှံစိုက်ပျိုးရေး။** ။ကျေးရွာတွင်နှမ်း၊မြေပဲ၊ဝါ၊ပဲစင်းငုံနှင့်ပြောင်း ကိုအဓိက စိုက်ပျိုးကြသည်။သီးနှံများမှာမိုးရွာသွန်းမှုအပေါ်မှီခိုရ၍စိုက်ပျိုးကြသည်။စိုက်ပျိုး ရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြသည်။ယခုနှစ်တွင် စိုက်ပျိုးမြေ အရည်အသွေးသင့်တင့် ကောင်းမွန်သောကြောင့် မိုးရွာသွန်းမှု အသင့်အတင့် ကောင်းမွန်သောကြောင့် သီးနှံအထွက်နှုန်းမှာလည်း အသင့်အတင့် ကောင်းမွန် ပါသည်။လယ်ယာလုပ်ငန်းကို အဓိကထားစိုက်ပျိုးသည့်ကျေးရွာ ဖြစ်သည့်အတွက် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးရန် စိုက်ပျိုးရေးနည်းပညာ သင်တန်းများဖွင့်လှစ် ပေးရန်လိုအပ်သည်။

(ခ) **မွေးမြူရေးလုပ်ငန်း။** ။ကျေးရွာတွင် မွေးမြူရေးကဏ္ဍအနေဖြင့်လယ်ယာ လုပ်ငန်းတွင်အသုံးပြုရန်အတွက်နွားကိုအဓိကထားမွေးမြူကြသည်။ ကျေးရွာတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေးကဏ္ဍအနေဖြင့် တစ်ချို့အိမ်ထောင်စုများမှာ ဆိတ်၊ ဝက်နှင့် ကြက်များကိုမွေးမြူကြပါသည်။ ကျေးရွာတွင်တစ်ပိုင်တစ်နိုင် မွေးမြူရေး ကဏ္ဍအနေဖြင့် စီးပွားဖြစ်မွေးမြူနိုင်ပါက စီးပွားရေးပိုမိုအဆင်ပြေလာနိုင်ပါသည်။ တိရစ္ဆာန်များမှာရာသီအလိုက်ဖြစ်တက်သောရောဂါများကြောင့်လည်း သေဆုံးမှု များရှိတက်သည်။သို့ဖြစ်ပါ၍ တိရစ္ဆာန်ကာကွယ်ဆေးပုံမှန် ထိုးပေးရန် လိုအပ် ပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ။** ။စိုက်ပျိုးမွေးမြူရေး မရှိသောသူအများစုမှာ ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်း၊တောင်သူနေ့စား၊ စျေး ရောင်းနှင့်ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော်လည်း ကျွမ်းကျင်မှုအားနည်းကြသည်။လျှပ်စစ်မီးမရရှိသော ကြောင့် အသက်မွေးဝမ်းကြောင်း နည်းပညာဝန်ဆောင်မှုများမရှိခြင်း၊ အသက် မွေးဝမ်းကြောင်းပြုသော ပညာကို ကျွမ်းကျင်စွာတက်မြောက်မှုမရှိခြင်း ကြောင့် အသက်မွေးဝမ်းကြောင်း သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု။** ။ပန်းပေါင်းကျေးရွာရှိ တောင်သူ အချို့မှာ ၊ စထာပန နှင့် Pact Myanmar တို့မှချေးငွေ ရရှိ ကြသည်။စိုက်စရိတ်

ချေးငွေမလုံလောက်ခြင်းနှင့်ထုတ်ချေးသည့် အချိန်နှင့် သီးနှံ စိုက်ပျိုးသည့် အချိန်မကိုက်ညီခြင်းစသည့် အခက်အခဲများ ရှိသည်။

အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) **ကျေးလက်သယ်ယူပို့ဆောင်ရေး။** ။အရှေ့ဘက်တဲရွာတွင် သယ်ယူပို့ဆောင်ရေး အတွက်မော်တော်ဆိုင်ကယ်နှင့်ကားများကိုအသုံးပြုကြပြီး လယ်တောထုတ်ကုန် များကိုမူ နွားလှည်း၊ထွန်းစက်များဖြင့် သယ်ယူကြသည်။ ပန်းပေါင်းကျေးရွာ သည် တောင်သာမြို့နှင့် တောင်သာ-မိတ္ထီလာလမ်းမကြီးမှာ ကတ္တရာလမ်းဖြင့်(၉)မိုင်ခန့် နှင့် တောင်သာ–မိတ္ထီလာ လမ်းမကြီး၏ အနောက်ဘက်(၂)မိုင်ခန့်မှာ ကျောက်ချော လမ်း ဖြစ်ပြီး အချိန်မရွေး သွားလာမှုလွယ်ကူပါသည်။

(ခ) **ကျေးရွာမီးလင်းရေး။** ။အရှေ့ဘက်တဲကျေးရွာသည် လျှပ်စစ်မီးအသုံး မပြုနိုင်ပါ။အိမ်ထောင်စု(၁၁၅)စုရှိပြီး ကျေးရွာ၏အိမ်ထောင်စု(၁၁၅)စုမှာ ဆိုလာ စနစ်ကို အသုံးပြုပြီး မီးလင်းရေးကိုသုံးစွဲလျက်ရှိပါသည်။

(ဂ) **သတင်းနှင့်ဆက်သွယ်ရေး။** ။အရှေ့ဘက်တဲကျေးရွာတွင်ဖုန်းတိုင်များ ကျေးရွာ အနီးတွင် ရှိသောကြောင့်ဆက်သွယ်ရေးဆိုင်ရာကောင်း မွန်ပါသည်။ လျှပ်စစ်မီးမရရှိ သော်လည်း ဆိုလာစနစ်ဖြင့် TVၿစလောင်းမှ ဗဟုသုတ အစီအစဉ်များလည်း ကြည့်ရှု့ နိုင်ကြသည်။

၆။ ပညာရေး

ကျေးရွာတွင် မူလွန်ကျောင်းအဆင့် ရှိပါသဖြင့် မူလတန်းပညာကို ကျေးရွာတွင် သင်ကြားနိုင်ပြီး အလယ်တန်းနှင့် အထက်တန်းအဆင့်များကိုကျေးရွာနှင့် (၃)မိုင်ခန့်ဝေသော မကြီးချိုကျေးရွာသို့ သွားရောက်သင်ကြားရပါသည်။ ကျောင်းဆောင် ပင်မ(၂)ဆောင်၊ အုတ်နံရံသွပ်မိုး(၁)ဆောင်နှင့်ထရံကာ၊သွပ်မိုး(၁)ဆောင် ရှိပါသည်။ ကျောင်းသုံး ပရိဘောဂနှင့်စာ ရေးကိရိယာများ မလုံလောက်ပါ။ မသန်းစွမ်သူများအတွက် အထူးအစီ အစဉ်မရှိပါ။ မူလတန်းကျောင်းတက်နှုန်း မြင့်မားပါသည်။ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုယ်သို့ တက်ရောက်နိုင်ရန်အတွက် ငွေကြေး အခက်အခဲများကြောင့် တက်ရောက်နိုင်သူ နည်းပါးပါသည်။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးရွာနှင့်(၃)မိုင်ခန့်ဝေး မကြီးချိုကျေးရွာသို့ အခြေခံကျန်းမားရေး စောင့်ရှောက်မှု များကိုသွားရောက်ကုသကြပြီး အရေးပေါ်နှင့် ရောဂါကြီးများကို တောင်သာမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက် ကုသကြပါသည်။ ကိုယ်ပိုင် အဝိစိစက်တပ်ရေတွင်း (၅)တွင်း၊မိုးရေသိုလှောင်ကန်(၈၀)ကန်နှင့် မြေသားရေကန်(၁)ကန် ရှိပါသည်။ရေတွင်းစုစုပေါင်း(၅)တွင်းရှိသည်အနက် ကိုယ်ပိုင်ရေတွင်း (၅)တွင်းမှာရေငန်ဖြစ်သဖြင့်သုံးရေအဖြစ်သာအသုံးပြုနိုင်ပါသည်။မိုရေလှောင်ကန်များနှင့် မြေသားရေကန် (၁)ကန်မှ ရေအား သောက်ရေအဖြစ် အသုံးပြုကြပါ သည်။ရေတွင်းများမှာ နွေး၊မိုး၊ဆောင် လုံလောက်မှု မရှိပါ။ ရေအရည်အသွေး စစ်ဆေးခြင်းကို မူ စစ်ဆေးရခြင်း မရှိသေးပါ။ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲမှုအနေဖြင့် အိမ်ထောင်စု(၁၁၀)စု၊ အိမ်သာမရှိသော အိမ်ထောင်စု(၅)စုရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

အရှေ့ဘက်တဲကျေးရွာရှိစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ခြင်းကြောင့်ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာများသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစားဓါတုပိုးသတ်ဆေးများကိုသာအသုံးပြုမှုများပြားသည့်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်းပလက်စတစ်အိတ်၊ ပုလင်းခွံ၊ ဗူးခွံများကိုစနစ်တကျမစွန့်ပစ်ကျသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာတွင်အပူချိန်မြင့်မား၍မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုနှင့် ကြုံတွေ့ရပြီး လေပြင်းများတိုက်ခတ်ခြင်း၊မိုးသီးများကြွေကျခြင်း၊မိုးသည်းထန်စွာရွာသွန်းနိုင်ခြင်းတို့ကြောင့်လူနေအိမ်များပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများဆုံးရှုံးနိုင်ခြင်းစသော ဘေးအန္တရာယ်များလည်းဖြစ်ပေါ်လာနိုင်ပါသည်။ သို့ပါ၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားသင့်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်များ

အရှေ့ဘက်တဲကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာလွတ်လပ်မှုရှိသည်။ ကျား - မ ရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်မူ ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားမှုမရှိ၍ ဆောင်ရွက်နိုင်မှုအားနည်းကြသည်။ကျေးရွာတွင်ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာ

တွင်အမျိုးသား၊အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်ပါသည်။

အရှေ့ဘက်တဲကျေးရွာတွင် ဓမ္မာစကြံ်ာအဖွဲ့(၁)ဖွဲ့ရှိပြီးနှစ်စဉ်ဝါတွင်းကာလ လပြည့် လကွယ်နေ့ များတွင် သံဃာဆွမ်းလောင်းခြင်း၊ ဓမ္မာစကြံ်ာရွတ်ဖတ်ပူဇော်ခြင်း ၊ ပဌာန်းဒေသနာ များရွတ်ဆို ပူဇော်ကြပါသည်။ သီးတင်ကျွတ်လတွင် ကျေးရွာဘုရားပွဲရှိ၍ ဆွမ်းလောင်းလှူကြ သည်။ ကျေးရွာရှိ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့်တန်းတူ ရင်ဘောင်တန်း၍ပူးပေါင်းဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင်လုပ်ကိုင်ကြသောအမျိုးသားများ၏ ပျမ်းမျှတစ်ရက်အများဆုံးလုပ်အားခမှာ (၇၀၀၀/-) ကျပ်နှင့် အမျိုးသမီးများအတွက်လုပ်အားခ(၅၀၀၀/-)ရရှိပြီး အမျိုးသားများအတွက် အနည်းဆုံးလုပ်အားခ (၆၀၀၀/-) နှင့်အမျိုးသမီးများအတွက် (၅၀၀၀/-)ရရှိပါသည်။ ဆောက်လုပ် ရေးလုပ်ငန်းများတွင်ကျွမ်းကျင်သောလက်သမား၊ပန်းရံလုပ်သားများအတွက်လုပ်အားခ(၁၀၀၀၀/-) ရရှိပြီးနောက်လိုက်လုပ်သားအတွက်လုပ်အားခ(၇၀၀၀/-)နှင့် အမျိုးသမီးများအတွက်လုပ်အားခ (၆၀၀၀/-)ရရှိပါသည်။နေ့တွက်လုပ်အားခများတွင်အမျိုးသားများကအမျိုးသမီးများထက်လုပ်အားခ ပိုမိုရရှိကြသည်။

၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	စီမံချက်အမည်	ဦးစားပေး အဆင့်
၁	လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း	၁
၂	အရှေ့ဘက်တဲကျေးရွာမှ ကျောက်တစ်လုံးကျေးရွာသို့ လမ်းခင်းခြင်း	၂
၃	ကျေးလက်ဆေးပေးခန်းဆောက်လုပ်ပေးခြင်း၊ဆေးပေးခန်းပရိဘောဂနှင့်ကုသမှုကိရိယာများထားရှိပေးရန်နှင့် ဆေးဝါးပံ့ပိုးပေးရန်	၃
၄	လူမှုကူညီရေးကားလိုအပ်ခြင်း	၄
၅	ဇာထိုး၊ ပန်းထိုးသင်တန်းများဖွင့်လှစ်ပေးခြင်း	၅
၆	ကျေးရွာစာကြည့်တိုက် တည်ဆောက်ပေးရန်	၆

နောက်ဆက်တွဲ (၁)

အရှေ့ဘက်တဲကျေးရွာ ၊ ခါတက်ကုန်းကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအေးကို	ဦးဘိုဖြူ	၉/တသန(နိုင်)၀၁၉၈၇၂	၅၀	ဥက္ကဋ္ဌ	၀၉-၄၄၀၉၀၀၁၄၁
၂	ဒေါ်ဥမ္မာမြင့်	ဦးတင်ညွှန့်	၉/တသန(နိုင်)၀၀၁၄၂၇	၄၄	အတွင်းရေးမှူး	၀၉-၂၅၂၃၀၅၉၃၂
၃	ဦးကျော်ရဲအောင်	ဦးသိန်းမြင့်	၉/တသန(နိုင်)၁၈၈၄၅၈	၂၄	စာရင်းကိုင်	၀၉-၇၆၇၄၃၈၀၂၁
၄	ဒေါ်ပိုပိုချော	ဦးမြဖွေး	၉/တသန(နိုင်)-	၄၃	ဘဏ္ဍာရေးမှူး	၀၉-၇၇၆၂၂၇၂၄၂
၅	ဦးလှဆောင်	ဦးလှဖေ	၉/တသန(နိုင်)၀၁၉၀၈၆	၆၅	သေ့ကိုင်(၁)	၀၉-၂၅၆၃၆၉၂၃၆
၆	ဦးအောင်ဆန်းဝင်း	ဦးဘိုသန်း	၉/တသန(နိုင်)၀၂၄၀၇၆	၄၅	သေ့ကိုင်(၂)	၀၉-၇၉၁၃၈၁၄၄၈
၇	ဦးသန့်ဇင်ဝင်း	ဦးစိန်မောင်	၉/တသန(နိုင်)-	၃၅	အဖွဲ့ဝင်	၀၉-၄၄၀၂၂၁၂၃

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(ခ) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၄	၂	၆	-	-
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၆	၁၀	၂၆	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၃	၂၂	၅၅	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၆	၁၈	၃၄	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၈၂	၂၀၆	၃၈၈	-	၂
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၂	၂၂	၃၄	-	၃
စုစုပေါင်း		၂၆၃	၂၈၀	၅၄၃	၅	၅
စုစုပေါင်း အိမ်ထောင်စု		**၁၁၅**				

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက် (၁)နှစ်ပြည့်အရွယ်မှ (၅)နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက်(၅)နှစ်ပြည့်သည်မှအသက်(၁၀)နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက်(၁၀) နှစ်ပြည့်သည်မှ အသက်(၁၅)နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ် ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့် သည်မှ အသက်(၆၅)နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက်(၆၅)နှစ်ပြည့် အရွယ် နှင့်ငင်းထက်အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။အရှေ့ဘက်တဲကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၁၅)စုရှိ၍ လူဦးရေမှာ ကျား(၂၆၃)ဦး နှင့် မ(၂၈၀)ဦး စုစုပေါင်း(၅၄၃)ဦးရှိပါသည်။တစ်အိမ်ထောင်ပျှမ်းမျှလူဦးရေမှာ (၄.၇၂)ဦး ဖြစ်သဖြင့် နိုင်ငံတကာလူဦးရေနှင့်နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးမှုသင့်တင့်ပါသည်။ တစ်နှစ်အောက် ကလေး ငယ်မှာ (၁.၁%)၊၁နှစ်မှ၃နှစ်အထိ(၄.၈%)၊၅နှစ်မှ၉နှစ်အထိ(၁၀.၁%)၊ ၁၀နှစ်မှ၁၄နှစ်အထိ(၆.၃%)၊

၁၅နှစ်မှ၆၄နှစ်အထိ(၇၁.၅%)နှင့်၆၅နှစ်နှင့်အထက်(၆.၃%)ဖြစ်ပါသည်။၁၅နှစ်မှ၆၄နှစ်အထိ အလုပ်လုပ်နိုင်သည့်အရွယ်ရာခိုင်နှုန်းမှာ (၇၁.၅%) ဖြစ်သဖြင့် အရှေ့ဘက်တဲကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများရှိပါသည်။အလုပ်လုပ်နိုင်သောအရွယ်တွင် ပြည်တွင်းပြည်ပသို့ သွားရောက် လုပ်ကိုင်နေသူ များလည်း ပါဝင်ပါသည်။

(ခ)အလုပ်လုပ်နိုင်သူအင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၄၂	၂၈၅	၅	၁၂၀	၁၃၅	၂၁	မြင့် ☑ လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆၂	၁၂၈	၁၀	၆၂	၆၆	၈၇	မြင့် ☐ လတ်☑နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၂	၄	၁	၂	၂	၃	မြင့် ☐ လတ်☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား							မြင့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ဝန်ထမ်း							လတ်□နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့် □ လတ်□နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၂	၆	-	၄	၂	၁	မြင့် □ လတ်□နိမ့် ☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□နိမ့် □
	အလုပ်သမား							မြင့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							လက်ဖြန့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၁	-	၁		မြင့် ☐ လက်ဖြန့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လက်ဖြန့် ☐
၁၁	လက်လီ-လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၄	၁၀		၃	၇	၅	မြင့် ☐ လက်ဖြန့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လက်ဖြန့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လက်ဖြန့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လက်ဖြန့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့်ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လက်ဖြန့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လက်ဖြန့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လက်ဖြန့် ☐
	အလုပ်သမား							မြင့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							လတ်☐နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☑
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် မြင့် ☐ လတ်☐နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား							မြင့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိကဝင်ငွေရလုပ်ငန်းမဟုတ် သောအခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ဝန်ထမ်း							လက်□နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၂	၆	-	၂	၄		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လက်□နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့် ☑ လက်□နိမ့် □
	စုစုပေါင်း	၁၁၅	၄၄၀	၁၇	၁၉၃	၂၁၇	၁၁၇	☒

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။''**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**''အရေအတွက်တွင် '' **မိသားစုဝင်လုပ်အား**'' ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ '' **ရပ်တည်နိုင်မှု(နိမ့်၊လတ် ၊ မြင့်)**'' ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်း အဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု၊ဝင်ငွေစသည့် အခြေအနေကိုဆိုလိုပါသည်။ ဥပမာ -'' **စိုက်ပျိုးရေးကဏ္ဍ** ''၏ '' **ကိုယ်ပိုင်လုပ်ငန်း** ''တွင်ရပ်တည်နိုင်မှု'' **မြင့်** '' ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်း များနေသည် ဝင်ငွေကောင်းနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။အရှေ့ဘက်တဲကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး မွေးမြူရေးလုပ်ငန်းကိုလည်းတစ်ပိုင်းတစ်နိုင်မွေးမြူကြပါသည်။ အခြားလုပ်ငန်း

များမှာရောင်ဝယ်ရေးပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်း၊ပန်းရံလုပ်ငန်းနှင့်အများစုမှာကြုံရာကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည် ကိုလေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား(၃)လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၃၀၀၀	၃၀၀၀	၂၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။
မှတ်ချက်(၁)လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂)နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။အရှေ့ဘက်တဲကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စား လုပ်အားခမှာ အမျိုးသားများအတွက်အများဆုံးလုပ်အားခ(၇၀၀၀/-)နှင့် အမျိုးသမီးများအတွက် လုပ်အားခမှာ(၅၀၀၀/-)နှင့် အနည်းဆုံးခလုပ်အားခမှာအမျိုးသား(၆၀၀၀/-)နှင့် အမျိုးသမီး(၅၀၀၀/-)၊ပန်းရံ၊လက်သမားများ၏ဆရာအဆင့်လုပ်အားခမှာတစ်နေ့(၁၀၀၀၀/-)ကျပ် နောက်လိုက်အဆင့်မှာ(၇၀၀၀/-)ရရှိနိုင်ကြသည်။အမျိုးသမီးများမှာအများဆုံး(၆၀၀၀/-)နှင့်အနည်းဆုံး(၅၀၀၀/)

ရရှိကြပါသည်။နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အား သဘာဝနှင့် အင်အားစိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား(၄)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၄၇.၅	ကောင်း ☐ သင့်☐ ညံ့ ☐
ယာမြေ/တောင်ယာမြေ	၃၇၃.၁	ကောင်း ☐ သင့်☑ ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ခနိတောမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၃၉၀.၆	☒

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့်သီးစားခံယူ လုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။အရှေ့ဘက်တဲကျေးရွာတွင် ယာမြေ၊ လယ်မြေနှင့် ဥယျာဉ်ခြံမြေ စုစုပေါင်း (၃၉၀.၆) ဧက ရှိပါသည်။ ယာမြေများမှာ မိုးရေကိုအဓိကထား၍စိုက်ပျိုးကြပါသည်။ ပင်လယ်ကမ်း ၊ မြစ်ကမ်းဘေးကျေးရွာ မဟုတ်သောကြောင့် ကိုင်း၊ ကျွန်း၊ ခနိတောမြေများမရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ☐	**လျော့☐ တိုး☐** **အပြောင်းအလဲမရှိ☐**
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐	**လျော့☑ တိုး☐** **အပြောင်းအလဲမရှိ☐**
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐	**လျော့☑ တိုး☐** **အပြောင်းအလဲမရှိ☐**
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☑ နည်း☐ မရှိ☐	☒	**လျော့☐ တိုး☑** **အပြောင်းအလဲမရှိ☐**
ရေ-မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐	**လျော့☑ တိုး☐** **အပြောင်းအလဲမရှိ☐**
ရေ-မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ☐ သင့်☑ နည်း☐ မရှိ☐	☑	**လျော့☐ တိုး☐** **အပြောင်းအလဲမရှိ☑**
သစ်တော-အပူပိုင်းသစ်တော	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐	**လျော့☑ တိုး☐** **အပြောင်းအလဲမရှိ☐**
သစ်တော-ဒီရေတောများ	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ☐	**လျော့☐ တိုး☐** **အပြောင်းအလဲမရှိ☐**

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။အရှေ့ဘက်တဲကျေးရွာအနီးပတ်ဝန်းကျင်တွင် ကျောက်ကြီးရှိသောကြောင့် အသုံးပြုနိုင်ပါသည်။နွားစားဆေးဖက်ဝင်အဖြစ် မြေပဲရိုး၊ ပြောင်းရိုး၊ ရှားစောင်းလပတ်၊ နွယ်ချို၊ ဆင်တုန်းမနွယ်အပင်များ အတော်အသင့်ရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသော အိမ်ထောင်စု	မပြေလည် သော အိမ်ထောင်စု	အလွန်မပြေလည် သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း(သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား(ဝင်ငွေ) အလွန်ကောင်	စီးပွား(ဝင်ငွေ) အသင့်အတင့်	စီးပွား(ဝင်ငွေ) နည်း	စီးပွား(ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀	၂၀	၇၅	၁၀

ရင်းမြစ်...(၁)ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။အရှေ့ဘက်တဲကျေးရွာသည် စိုက်ပျိုးရေးနှင့် ပြည်ပသို့သွားရောက် လုပ်ကိုင်ခြင်းကို အဓိကထားအသက်မွေးကြသော ကျေးရွာဖြစ်ပြီး အဆင်ပြေသော အိမ်ထောင်စုနှင့်အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ တောင်သူလယ်သမားကြီးများ နှင့်ပြည်ပသို့ သွားရောက် လုပ်ကိုင်ခြင်းဖြစ်ပါသည်။မပြေလည်သောအိမ်ထောင်စုများလည်း မြေဧက အနည်းငယ်ရှိသူများနှင့် မြေယာမဲ့များ ဖြစ်သည်။ဒုံးအိမ်ထောင်စုများလည်းတောင်သူကူလီများနှင့် ကြာပန်းလုပ်ကိုင်သူများဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်း စာဖူလုံမှု		အခြားအစာပြောင်းလဲစား = ---------- အစာလျှော့စား = ---------- အထောက်အပံ့ယူ = ---------- ချေးယူ = ---------- လုပ်အားခကြိုယူ = ----------
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ---------- အစာလျှော့စား = ---------- အထောက်အပံ့ယူ = ---------- ချေးယူ = ---------- လုပ်အားခကြိုယူ = ----------
ဖြလမှ၁၂လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ---------- အစာလျှော့စား = ---------- အထောက်အပံ့ယူ = ---------- ချေးယူ = ---------- လုပ်အားခကြိုယူ = ----------

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ -

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ် နှင့်အထက်		၂	၂
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
လေ့လာတွေ့ရှိချက်။ ။အရှေ့ဘက်တဲကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုး ၆၄ နှစ်အထက် နှင့် မသန်းစွမ်းသည့် ပုဂ္ဂိုလ် မ(၂)ဦးရှိပါသည်။ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု(၅) ရှိသည် ကိုလေ့လာ တွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေး အစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ(မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နှာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း	✓			✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း	✓			✓		
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်းခြင်း		✓		✓		
၁၃	တောမီးလောင်းခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု						
၁၈	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊ရေ)		✓		✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း						
၂၀	သစ်တောပြုန်းတီးခြင်း	✓			✓		
၂၁	ငှက်ဖျားရောဂါ						
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ						
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျဆင်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်ဆက်သွယ်ရေးခက်ခဲခြင်းစသည့်						

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ထိခိုက်မှုရှိပါက ကျေးရွာ၏မည့်သို့သော်အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

(ဥမမာ။ ။အိမ်ထောင်စု(၁၀၀)တွင် (၂၅)အိမ်ထောင်စုအောက်- နိမ့်
အိမ်ထောင်စု(၁၀၀)တွင် (၂၅)မှ(၅၀)အိမ်ထောင်စု - လတ်
အိမ်ထောင်စု(၁၀၀)တွင် (၅၀)အိမ်ထောင်စုအထက် -မြင့်

လေ့လာတွေ့ရှိချက်။ ။အရှေ့ဘက်တဲကျေးရွာတွင်စားနပ်ရိက္ခာဖူလုံမှုရှိပါသည်။ကျေးရွာ၏အနီး ပတ်ဝန်းကျင်တွင် ပင်လယ်နှင့် မြစ်များ မရှိသဖြင့်ရေကြီးခြင်း၊ဆားငံရေဝင်ရောက်ခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှုနှင့် မီးဘေးအန္တရာယ်ကျရောက်မှုများမရှိပါ။ မုန်တိုင်းတိုက်ခတ်မှုမရှိဘဲ တခြားဒေသများသို့မုန်တိုင်းတိုက်ခတ်ပါကမုန်တိုင်း၏အရှိန်ကြောင့်မိုးရွာသွန်းခြင်း၊

လေပြင်းတိုက် ခတ် ခြင်းများရှိပါသည်။ငှက်ဖျားရောဂါ၊ကိုယ်ခံအားကျဆင်းမှုရောဂါများ မရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု အခြေအနေ(မှန်ရာ တစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	✓			✓		
၃	ဆင်းရဲသားတောင်သူ	✓			✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင် သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြော သောဒေသတွင် နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	✓			✓		
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ						

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ						

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ စသည်တို့သည် မည့်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ လူငယ်အများစုသည် ငယ်ရွယ်သူများဖြစ်ခြင်း၊အမှားအမှန် ကောင်းစွာမခွဲခြားနိုင်ခြင်း၊စိတ်လိုက်မာန်ပါလုပ်တက်ခြင်း ဗီဇများကြောင့် ထိခိုက်လွယ်မှုမြင့်မားသူများဖြစ်ပါသည်။အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊လက်လုပ်လက်စားများ၊ ကျပန်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများသည်လည်း ဆင်းရဲပြီး ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြပါသည်။သို့သော်လည်း ကျေးရွာတွင် ဆိုးရွားစွာ ထိခိုက်သက်ရောက်မှုမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ပရဟိတအဖွဲ့	၁□ ၂□ ၃☑	၇	၂	၉	ပညာရေး □ ဌေးကြေး□ ကျန်းမာရေး□ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး □	ကောင်း □ သင့် ☑ ညံ့ □

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၂	စမ္မစကြာ အဖွဲ့	၁☐၂☐၃☑	-	၁၅	၁၅	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် . . . . . ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လူထုအခြေပြုအဖွဲ့အစည်း(၂)ဖွဲ့ရှိပါသည်။လူမှုကာကွယ်ရေးအဖွဲ့မှာ ဘာသာရေး၊သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး၊ကျေးရွာအတွက် လုံခြုံရေးနှင့်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပြီး လူပ်ရှားဆောင်ရွက်မှု အသင့်အတင့်ကောင်းပါသည်။ အမျိုးသမီးအဖွဲ့မှာ ဘာသာရေး၊ သာရေး၊နာရေး၊ လူမှု ဖွံ့ဖြိုးရေး၊ကျေးရွာအတွက်လူပ်ရှားမှု အသင့်အတင့် ကောင်းပါသည်။ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်မှု၊ အဖွဲ့အစည်း ဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍အားနည်းကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဧယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပက်မြန်မာ	၁☐၂☑၃☐၄☐၅☐၆☐၇☐	ပညာရေး ☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်း တာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေး နိုင်သည်)
၂	**စထာပနာ**	၁☐၂☑၃☐၄☐၅☐၆☐၇☐	ပညာရေး ☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missionsစသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmarစသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid,စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ နိုင်ငံတော်မှဒေသအကျိုး၊ ပြည်သူ့အကျိုးကိုထိရောက်စွာ ထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေး ထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်)တို့ကိုဤယေားတွင်ထည့်သွင်း ဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။အရှေ့ဘက်တဲကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်း(၂)ဖွဲ့ရှိပါသည်။အဖွဲ့အစည်းမှာ ပက်မြန်မာနှင့်စထာပန အဖွဲ့အစည်း ဖြစ်ပြီး ၄င်းအဖွဲ့ မှ ကျေးရွာသို့ငွေကြေးချေးပေးသည့်အဖွဲ့ဖြစ်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေ အတွက်	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ် မှတ်ချက်
၁	မြေယာမဲ့	၄၈	၂	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၈	၃	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၉	၈	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၂၂	၄	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၈	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင် စုစုပေါင်း		၁၁၅	၁၇	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။ လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်စိုက်ပျိုးမြေ မြေယာမဲ့အိမ်ထောင်စု(၄၈)စု၊၂.၅ဧကအောက်အိမ် ထောင်စု(၁၈)စု၊ ၂.၅ဧကမှ၅ဧက ကြား အိမ်ထောင်စု(၁၉)စု ၊ ၅ဧကမှ၁၂.၅ဧကကြား အိမ်ထောင်စု (၂၂)စု နှင့်၁၂.၅ဧကအထက်အိမ်ထောင်စု(၈)စုရှိပါသည်။ ကျေးရွာတွင်စိုက်ပျိုးမြေ မရှိသော မြေယာမဲ့ များမှာလည်း တောင်သူကူလီများ၊ ပန်းရံလုပ်ငန်းနှင့် လက်သမားလုပ်ငန်းများ လုပ်ကိုင်ကြ သည်ကို လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကို သာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်)	လွန်ခဲ့သော(၁၀) နှစ်က အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးချယ်ရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကို သာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်)	လွန်ခဲ့သော(၁၀) နှစ်က အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးချယ်ရန်)
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ **မဖြေဆိုပါ ☐**	ရှိ☐ မရှိ☐ **မဖြေဆိုပါ ☐**	လျော့☐ တိုး☐ **အပြောင်းအလဲမရှိ ☐**
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ **မဖြေဆိုပါ ☐**	ရှိ☐ မရှိ☐ **မဖြေဆိုပါ ☐**	လျော့☐ တိုး☐ **အပြောင်းအလဲမရှိ ☐**
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ **မဖြေဆိုပါ ☐**	ရှိ☐ မရှိ☐ **မဖြေဆိုပါ ☐**	လျော့☐ တိုး☐ **အပြောင်းအလဲမရှိ ☐**
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ **မဖြေဆိုပါ ☐**	ရှိ☐ မရှိ☐ **မဖြေဆိုပါ ☐**	လျော့☐ တိုး☐ **အပြောင်းအလဲမရှိ ☐**
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ **မဖြေဆိုပါ ☐**	ရှိ☐ မရှိ☐ **မဖြေဆိုပါ ☐**	လျော့☐ တိုး☐ **အပြောင်းအလဲမရှိ ☐**
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ **မဖြေဆိုပါ ☐**	ရှိ☐ မရှိ☐ **မဖြေဆိုပါ ☐**	လျော့☐ တိုး☐ **အပြောင်းအလဲမရှိ ☐**

ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊(၂)ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။အရှေ့ဘက်တဲကျေးရွာရှိတောင်သူများသည် စိုက်ပျိုးရေးအတွက် မိုးရွာသွန်းမှု အပေါ်မှီခိုခြင်း စိုက်ပျိုးကြသည်ကိုလည်းတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
မြေပဲ	၂၂၀	တင်း	၂၅	၅၀	၃၇.၅	ဝါခေါင်	ပြာသို	မြင့်☑ လတ်☐ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ			
နှမ်း	၂၀၀	တင်း	၂	၄	၃	ကဆုန်	ဝါခေါင်	မြင့်☑ လတ်☐ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑
ဝါ	၈၀	ဗိသာ	၃၀	၆၀	၄၅	ကဆုန်	တန်ဆောင်မုန်	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑
ပြောင်း	၁၈၀	တင်း	၅	၉	၇	ဝါဆို	တပိုတွဲ	မြင့်☑ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑
ပဲစင်းငုံ	၇၅	တင်း	၃	၅	၄	ကဆုန်	ပြာသို	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ ယာမြေများတွင် မြေပဲ၊နှမ်း၊ပြောင်း၊ဝါ နှင့်ပဲစင်ငုံ များကို အဓိကထားစိုက်ပျိုးကြပါသည်။ စိုက်ပျိုးမြေကေမှာနှမ်းအပြီးမြေပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ပြောင်းကိုနွားစာအတွက်သာစိုက်ပျိုးကြသည်။သီးနှံများစိုက်ပျိုးရာတွင် မိုးရွာသွန်းမှု အပေါ် မှီခိုအားထား၍ စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁			၄၀
လက်တွန်းထွန်စက်	၄			
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။အရှေ့ဘက်တဲကျေးရွာတွင် ကိုယ်ပိုင်ထွန်းစက်(၁)စီးနှင့် လက်တွန်းထွန်စက်(၄)ခု ရှိပါသည်။ လယ်ယာနှင့်တောင်သူလုပ်ကိုင်သူများသည် ထွန်းစက်နှင့်နွား

လှည်းဖြင့် ထွန်ယက် စိုက်ပျိုးကြပါသည်။ထွန်စက်ကိုဌားရမ်းအသုံးပြုရာမည်ဆိုလျှင် တစ်ဧကကို (၃၀၀၀၀)ကျပ် ဖြစ်သည် ကိုလေ့လာတွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	**ထိခိုက်သည်☑ မထိခိုက်ပါ☐** မဖြေဆိုပါ☐

ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊(၂)သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။အရှေ့ဘက်တဲကျေးရွာတွင်သီနှံစိုက်ပျိုးရာတွင် သဘာဝရေမြေရာသီဥတု ကို မှီခို၍စိုက်ပျိုးကြပြီး တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှု မညီမျှမှုနှင့် ရင်ဆိုင်ရပါသည်။ သီးနှံစိုက်ပျိုးရန်အတွက် ချေးငွေများကို ပက်မြန်မာ၊စထာပန၊သမချေးငွေတို့မှရရှိပါသည်။ မျိုးကောင်းမျိုးသန့်များ ဝယ်ယူရရှိနိုင်ပြီး လုပ်သားရရှိသော်လည်းရှားပါးပါသည်။ မျိုးကောင်းမျိုးသန့်နှင့် သဘာဝမြေဆွေး ထုတ်လုပ်မှုလွယ်ကူရန် ဆောင်ရွက်ပေးစေလိုပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ ဇယားဘဂနှင့်ဘစကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း ☐ ရာသီဥတုမမှန် ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ☑ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရ☑ လုံးဝမရ☐ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံစွေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☑ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐ မဖြေဆိုပါ☐
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐ မဖြေဆိုပါ ☐
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက် လက်လှမ်းမီမှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑

ရင်းမြစ်(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု၊(၂)သက်ဆိုင်ရာမြို့နယ်အစိုးရ ဦးစီးဌာနများ။
လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ တောင်သူအများစုသည် သီးနှံစိုက်ပျိုးရန်အတွက်

သဘာဝရေမြေရာသီဥတုကိုမှီခိုး၍ စိုက်ပျိုးကြပြီး တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှု မညီမျှမှုနှင့် ရင်ဆိုင်ရသည်။ကျေးရွာရှိယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပါသည်။ ချေးငွေ၊သီးနှံမျိုးစေ့များမှာ ဝန်ဆောင်မှုရရှိသော်လည်း အနည်းငယ်အခက်အခဲများရှိပါသည်ကိုလေ့လာတွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၅၀	၁၇၈
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်	၈	၁၅၂
သိုး	၄	၇၉
ဝက်	၂၀	၂၃
ကြက်	၇၅	၆၅၁
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။ လေ့လာတွေ့ရှိချက်။ ။အရှေ့ဘက်တဲကျေးရွာတွင် မွေးမြူရေးကဏ္ဍအနေဖြင့် လယ်ယာလုပ်ငန်း တွင် အသုံးပြုရန်အတွက် နွားကိုအဓိကထားမွေးမြူကြသည်။တစ်ပိုင်တစ်နိုင် မွေးမြူရေး အဖြစ် ကြက်၊ဝက်၊ဆိတ်များကို မွေးမြူကြပါသည်။ စီးပွားဖြစ်မွေးမြူနိုင်ပါက စီးပွားရေးပိုမိုအဆင်ပြေ လာနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု အခွင့်အလမ်းများ

ဇယား(၂၀)မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့်☑ မဖြေဆိုပါ☐
ရေရရှိမှု	အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင် ☑ မဖြေဆိုပါ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေအသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐
သွင်းအားစု(မွေးမြူရေးအစာ၊ ဆေးစသည်)ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများဝယ်ယူနိုင်သည်။ ☐ မဖြေဆိုပါ☑
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	နည်းပညာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐ နည်းပညာဝန်ဆောင်မှုများရနိုင်သည်။ ☑ မဖြေဆိုပါ☐
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ ထုတ်ကုန်များကိုရောင်းချနိုင်သည် ☑ မဖြေဆိုပါ☐
အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု	အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်☑ မဖြေဆိုပါ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု	လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည်☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☐
ချေးငွေ	လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်☐ ချေးငွေရနိုင်သည်☐ မဖြေဆိုပါ☐
သွင်းအားစုလက်လှမ်းမီမှု	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများဝယ်ယူနိုင်သည်☐ မဖြေဆိုပါ☐
နည်းပညာအကူအညီနှင့်နည်းလမ်းများ	နည်းပညာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐ နည်းပညာဝန်ဆောင်မှုများရနိုင်သည်။☐ မဖြေဆိုပါ☐
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ ထုတ်ကုန်များကိုရောင်းချနိုင်သည်☐ မဖြေဆိုပါ☐
ငါးဖမ်းခွင့်ရရှိနိုင်မှု	လွယ်ကူသည်☐ အသင့်အတင့်လွယ်ကူသည်☐ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်း	**ထိခိုက်**သည်☐ **မထိခိုက်ပါ**☐ မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။)
လဲမှူ(အပူချိန်၊မိုးရွာသွန်းမှု)	

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

